# ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း



မြသန်းတင့်

## လူထုဦးလှသို့...

**မြသန်းတင့်**

၁။

စာဖတ်သူများ သည် လူထုဦးလှ၏ "အားလုံး ကောင်းကြရဲ့ လား" ထဲမှ ဇာတ်လိုက်ကျော် ချစ်သဲကို မှတ်မိကြဦးမည် ထင်ပါ၏။ ခပ်ဝါးဝါးဖြစ်နေလျှင် ချစ်သဲ၏ နောက်ခံကားကို အကျဉ်းချုပ်၍ တင်ပြလိုပါသည် ။

ချစ်သဲသည် ၁၄ နှစ်သားလောက်ကတည်းက အိမ်မှ ထွက်ပြေးပြီး ရွာစဉ်လျှောက်ကာ လေလွင့်ခဲ့ပေ၏။ အရက်ဆိုင်၊ ပြည့်တန်ဆာအိမ် နှင့် ဖဲဝိုင်းတို့ ကား သူ ကျင်လည်ကျက်စားရာများ ဖြစ်ပေသည် ။ ပထမဆုံး သူ ကျူးလွန်ခဲ့သော အမှုမှာ ကျောင်းသားလေး တစ်ယောက်ကို မျက်နှာ ဓားနှင့် ထိုးကာ လက်စွပ်ကို လုယကမှု ဖြစ်၏။ ထိုစဉ်က ချစ်သဲမှာ အသက်မစေ့သေး၍ တစ်ကြောင်း၊ ဆွေမျိုးသားချင်း ရပ်ဆွေရပ်မျိုးတို့ အကူအညီကြောင့် တစ်ကြောင်း၊ ထောင်တန်းကျသည် အထိ မဖြစ်ခဲ့ပေ။ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်း လာပြီး အရွယ်ရောက်သောအခါတွင် ချစ်သဲသည် အရပ်ထဲတွင် လူဆိုးလူပေ ဖြစ် လာလေပြီ။ ရွာနီးချုပ်စပ် ဘုန်းကြီးပျံ စသည် တို့ တွင် လူရိုက်စရာရှိလျှင် ချစ်သဲကို လာ၍ ငှားရမ်းကြ၏။ ချစ်သဲသည် ကောက်ညှင်းအရက် တစ်ပုံးလောက်ကို

အခကြေးငွေအဖြစ် လက်ခံကာ လူငှား ရိုက်ပေး၏။ နောက် လူရည်လည်သောအခါ "အလုပ်" လုပ်တတ်လာ၏။ သူ့ဝေါဟာရအရ အလုပ်ဆိုသည် မှာ နည်းနည်းပါးပါး ခိုးခြင်း၊ လုခြင်း စသည် တို့ ပင်တည်း။ သို့ဖြင့် သူသည် ထောင်နှင့် ရွာကို အိမ်ဦး ကြမ်းပြင်ပမာ ကူးသန်းသွားလာနေခဲ့ပေ၏။

ဂျပန်ခေတ် ရောက်သောအခါ ချစ်သဲသည် ဈေးတပ်ထဲသို့ လိုက်၏။ သူ့ရွာကို လာ၍ ဈေးတပ် စုသောအခါတွင် ချစ်သဲသည် ဈေးတပ် တံဆိပ်ကို လက်မောင်းတွင် ပတ်ကာ ဈေးတပ်ကို ရှေ့ဆုံးမှ ဝင်ခဲ့လေသည် ။ သို့ရာတွင် ဈေးတပ်တွင် ကြာကြာမနေ၊ ထွက်ပြေးလာခဲ့ပြီး ရွာသို့ ပြန်ရောက်လာသည် ။ ရွာနီးချုပ်စပ်တွင် ဈေးတပ်ဆွဲသောအခါ ဈေးတပ်ပြန် ချစ်သဲကို ငွေစု၍ လာငှားကြသည် ။ ချစ်သဲသည် ငွေကို လက်ခံ၍ အရက်ကို မိုးမလင်းသောက်၊ ဖဲဝိုင်းတွင် အိပ်ကာ ဈေးတပ် အငှားလိုက်လာသည် ။ ထုံးစံအတိုင်းပင် မော်လမြိုင်ဘက် အရောက်တွင် ဈေးတပ်မှ ထွက်ပြေးပြန်သည် ။ ဂျပန်ခေတ်တွင် သူ့အလုပ်မှာ ရွာနီးချုပ်စပ်တွင် ရှိသည့် ဘုရားပွဲ၊ ဘုန်းကြီးပျံတို့ ကို စောင့်ရှောက်ပေးသည့် အလုပ်နှင့် ဈေးတပ်ငှားလိုက်သည့် အလုပ်သာ ရှိ၏။ နည်းနည်းပါးပါး အလုပ်လုပ်၏။ သို့နှင့် ထောင်သို့ ရောက်ပြန်လေသည် ။

ထောင်ဆိုသည် မှာ သူ့အဖို့ နားနေရာစခန်းသာ ဖြစ်၏။ ထောင်ထဲတွင် "နွားစီးခြင်း"၊ "အကြံအဖန်လုပ်ခြင်း"၊ "လက်ကောက်ကျခြင်း" စသည့် လူကြီးလူကောင်းတို့ တပ်အပ်သော အဌာရသဖြင့် ပျော်မွေ့ပြန်လေသည် ။ ထောင်ဝေါဟာရအရ နွားစီးခြင်းမှာ ဆေးခြောက်ရှူခြင်း၊ အကြံအဖန် လုပ်ခြင်း ဆိုသည် မှာ ထောင်ထဲတွင် ပစ္စည်းအရောင်းအဝယ် အလဲအလှယ်လုပ်ခြင်း၊

လ က် ကော က် ကျ ခြ င်း မှာ လူလည်လုပ်ခြင်း၊ နိုင့်ထက်စီးနင်း ပြုကျင့်ခြင်းတို့ ဖြစ်ပေ၏။

သည် နေရာတွင် ချစ်သဲ၏ "အကြံအဖန်" လုပ်ပုံ တစ်မျိုးကို ကျွန်တော် ဥပမာ ပြလိုပါသည် ။ သည် ဥပမာမှာ နားထောင်ရင်း၊ ရေးရင်းပင် ကြက်သီးထစရာ ကောင်းပေ၏။ တစ်ခါက "နွား" အရသာကို ကောင်းကောင်း ကြီး သိနေသော ချစ်သဲသည် "နွား" ပြတ်သဖြင့် မနေနိုင် မထိုင်နိုင် ဖြစ်နေ၏။ အချို့ထောင်သားများ ထံ "နွား" ရှိသည် ဟု ကြားရသော်လည်း ချစ်သဲတွင် ပိုက်ဆံမရှိ။ ထောင်ထဲတွင် သည် အရာမျိုးကို ချေးငှား၍ လည်း ရသည် မဟုတ်။ ထို့ကြောင့် "အကြံအဖန်" လုပ်ရန် အကြံထုတ်ရလေသည် ။ "အကြံအဖန်" ကို ရှာနေသော သူ့မျက်စိသည် နေရာကောင်းတစ်ခုကို တွေ့လာ၏။ သူ့နားများ သည် အကွက်ကောင်းတစ်ခုကို ကြားလာ၏။ သို့ဖြင့် သူ့စီမံကိန်းကို အကွက်ချလေသည် ။

တစ်နေ့တွင် ထောင်ဆေးရုံ၌ မွန်ကြီးတစ်ယောက် ကိုယ် ရောင်၍ သေလေသည် ။ မွန်ကြီး၏ အလောင်းကို စစ်ဆေးရန် ဆေးရုံ ရင်ခွဲရုံသို့ ပို့ထားလေသည် ။ ချစ်သဲသည် ရင်ခွဲရုံသို့ တိတ်တဆိတ် ဝင်ကာ မွန်ကြီး၏ ပေါင်သားများကို လှီးပြီး အရွယ်တော် အတုံးကလေးများ တုံးကာ ထောင်စျေးတိုက်မှ ဆီ၊ ငရုတ်၊ ကြက်သွန်၊ မဆလာ တို့ ကို သွား၍ ခိုး လာပြီး ကျကျနန ဆီသပ်၍ ချက်၏။ ထိုနေ့မှာ သာမန် အကျဉ်းသားများ အဖို့ တနင်္ဂနွေ တစ်ပတ်လျှင် အသားစားရသော ရက်နှင့် ကြုံ၏။ ထို့ကြောင့် သူ့ အသိုင်းအဝိုင်း ပုံစံရသော အမဲသားချက်များ နှင့် "အကြံအဖန်" လူသားဟင်းကို ရောပြီး တစ်ပန်းကန် တစ်ကျပ်နှင့် ရောင်းလေသည် ။ ထောင်ထဲတွင် ကား အမဲသားဟင်း ဟုတ်၊ မဟုတ် ဘယ်သူမှ စစ်ဆေးမနေနိုင်ကြ။

အားရပါးရ စားကြရသဖြင့် ရောင်း၍ ပင် မလောက်ဟု ဆိုလေသည် ။ ယင်းကို ထောက်၍ ချစ်သဲ၏ ကြံရည်ဖန်ရည်ကို သိနိုင်ပေ၏။

သို့နှင့် ချစ်သဲ၏ ဘဝသည် ထောင်ထဲ ရောက်လာလိုက်၊ အပြင် ရောက်သွားလိုက်နှင့် သံသရာ လည်၍ နေပေသည် ။ ထိုစဉ်က အင်းစိန်ထောင်မှာ စံပြထောင် မဖြစ်သေး၊ ပုံစံထောင်မျှသာ ဖြစ်၍ ညကျလျှင် ၁၅ မိနစ်တစ်ကြိမ် အစောင့်ဝါဒါများက "အားလုံး ကောင်းကြရဲ့ လား" ဟု အော်၍ မေးလေ့ ရှိ၏။ "အားလုံး ကောင်းကြရဲ့ လား" ဟူသော အသံကြီးကို ကြားလိုက်သည် နှင့် သူ့ လိပ်ပြာသည် လွင့်စဉ်သွားမတတ် ဖြစ်ရပါသည် ဟု ချစ်သဲက ပြောပြ၏။ သူ့ဘဝမှာ ဒုစရိုက်ဖြင့် အတိပြီးသော ဘဝ ဖြစ်၏။ မှောင်အတိကျသော ဘဝ ဖြစ်၏။ မကောင်းမှု ဟူသမျှဖြင့် ရှုပ်ပွေ လိမ်ယှက်နေသော ဘဝ ဖြစ်၏။

"အားလုံး ကောင်းကြရဲ့ လား" ဟူသော အော်သံသည် သူ့ကို ရည်ရွယ်ပြီး အော်လေသလားဟု ပင် ထင်ရ၏။ ထို့ကြောင့်ပင် လူထုဦးလှ၏ "အားလုံးကောင်းကြရဲ့ လား" တွင် သည် အော်သံကို ကြားရ၍ သူ လိပ်ပြာငယ်ပုံ၊ ကျဉ်းမြောင်း၍ အသက်ရှူကျပ်လှသော ကြိုးတိုက်ထဲတွင် သည် အော်သံကို ၁၅ မိနစ် တစ်ကြိမ် နားထောင်ရင်း အိပ်မပျော်နိုင်ဘဲ မိုးစင်စင်လင်းခဲ့ရပုံတို့ ကို ဖွင့်ပြောခဲ့ပါသည် ဟု ချစ်သဲက ပြောပြပေ၏။

လူထုဦးလှက သူ၏ "အားလုံး ကောင်းကြရဲ့ လား" တွင် ချစ်သဲ၏ ဘဝကို စုံစုံလင်လင် ရေးခြယ်ပြသထားပေ၏။ ချစ်သဲသည် ယခုအချိန်အထိ ထောင်ကိုး ခါ ကျခဲ့ပြီးဖြစ်ကြောင်း၊ သူ့ဘဝတွင် အသက် ၁၄ နှစ်လောက်က စ၍ အသက် ၃၀ လောက်အထိ ထောင်ထဲမှာသာ အချိန်ကုန်ခဲ့ရကြောင်း၊ ပုံစံထောင်တွင် အော်လေ့ရှိသော

"အားလုံးကောင်းကြရဲ့ လား" ဟူသော အော်သံကြီးမှာ ချစ်သဲကို ရည်ရွယ်၍ အော်လေသလားဟု ထင်မှတ်ရကြောင်း၊ ချစ်သဲ၏ ဘဝမှာ မကောင်းသဖြင့် ရှုပ်ထွေး လိမ်ယှက်နေသော ဘဝဖြစ်၍ အမှောင်မှ အလင်းသို့ ရောက်ပါစေဟု ဆုတောင်းကြောင်း၊ ချစ်သဲ ထောင်သို့ ရောက်ခြင်းမှာ ကိုးကြိမ်မြောက် ဖြစ်ကြောင်းနှင့် နိဂုံးချုပ်ထားပေ၏။

ကျွန်တော်သည် ဦးလှ၏ "အားလုံး ကောင်းကြရဲ့ လား" ကို ဖတ်ပြီး ဦးလှကဲ့သို့ ချစ်သဲအား ကိုယ်ချင်းစာ သနားမိပါ၏။ ချစ်သဲကို အမှောင်မှ အလင်းသို့ ရောက်စေလိုပါ၏။ ထိုအကြိမ် ထောင်ကျခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်ပါစေဟု ဆုတောင်းမိပါ၏။ သို့ရာတွင် လူထုဦးလှသည် လည်းကောင်း၊ ကျွန်တော်သည် လည်းကောင်း၊ ဆုတောင်း မပြည့်ကြပါ။ ချစ်သဲကို ယခုတစ်ဖန် ထောင်တွင်း အမှောင်ရိပ်မှာ တွေ့ရပြန်ပါပြီ။

***